ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

လူထုဗဟိုပြုစီမံကိန်း၊ ဒီးမော့ဆိုမြို့နယ်
National Community Driven Development Project
**NCDDP**

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်



ကဖယ်ခူကျေးရွာ ၊ ဆင်တောင်ကျေးရွာအုပ်စု

ဒီးမော့ဆိုမြို့နယ်

၂၀၁၈ ခုနှစ်

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## ကဖယ်ခူကျေးရွာ ၊ ဆင်တောင်ကျေးရွာအုပ်စု

### မာတိကာ


ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ ... ၁

**ဆင်တောင်အုပ်စုမြေပုံ** ... ၂

**ဆင်တောင်အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း** ... ၃

ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ ... ၃

 လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက် ... ၄

 ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း ... ၅

  ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း သုံးသပ်ချက် ... ၆

 ကျား/မ ပင့်ကူအိမ် ... ၇

  ကျား/မ ပင့်ကူအိမ် သုံးသပ်ချက် ... ၈

 ရာသီခွင်ပြ ပြက္ခဒိန် ... ၁၀

  ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက် ... ၁၁

ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း/ဓာတ်ပုံ ... ၁၂

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ ... ၁၃

ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ (PC-၁) ... ၁၄


ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား (PC-၂) ... ၁၇

ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-၃) ... ၁၈


ကျေးရွာအစည်းအဝေးမှတ်တမ်းများ ... ၂၂

လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်/အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အကျဉ်းချုပ် ... ၂၃

## ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ



## ဆင်တောင်အုပ်စုမြေပုံ




ဆင်တောင်အုပ်စုမြေပုံ
မ
န
ရ
တ
ဝီးသဲကျွးမြောက်
လီဝိုး
ဝီးသဲကျွးတောင်
ဆင်တောင်
ကပွာယ်ခု
ကပွာယ်ခု
ကျေးရွာ
ကျေးရွာအုပ်စု
တထွရာလမ်းကြောင်း
ကျောက်ချောလမ်း
အုပ်စုနယ်နိမိတ်

## ဆင်တောင်အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| စဉ် | ကျေးရွာအမည် | အိမ်ခြေ | လူဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | စုစုပေါင်း |
| ၁ | ဆင်တောင် | ၂၁၀ | ၅၂၅ | ၅၃၀ | ၁၀၅၅ |
| ၂ | လီဝိုး | ၃၆၀ | ၁၀၄၅ | ၁၀၁၄ | ၂၀၅၉ |
| ၃ | ကပ္ပာယ်ခူ | ၁၂၇ | ၂၈၃ | ၃၀၈ | ၅၉၁ |
| ၄ | ဝီးသဲကူးတောင် | ၆၄ | ၁၄၈ | ၁၄၈ | ၂၉၆ |
| ၅ | ဝီးသဲကူးမြောက် | ၁၁၉ | ၂၄၈ | ၂၃၃ | ၄၈၁ |
| စုစုပေါင်း | | ၈၈၀ | ၂၂၄၉ | ၂၂၃၃ | ၄၄၈၂ |

## ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ



*ပါဝင်ဆွေးနွေးသူ - ကျား (၆၆) + မ (၂၂) = (၈၈) ဦး*

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်

ကပ္ဖာယ်ခူကျေးရွာသည် ဒီးမော့ဆို - မိုးဗြဲ လမ်းမကြီးနံဘေးတွင်ရှိသော ရွာတစ်ရွာဖြစ်ပါသည်။ ဒီးမော့ဆိုမြို့မှဆိုလျှင် (၁၁) မိုင်ကျော်ဝန်းကျင် ကွာဝေးမည်ဖြစ်ပြီး မိုးဗြဲမြို့မှဆိုလျှင် (၃) မိုင်ကျော်ဝန်းကျင်ကွာဝေးမည် ဖြစ်ပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင် နမ့်စန်ခမ်းကျေးရွာ၊ အနောက်ဘက်တွင် ဆင်တောင်ကျေးရွာ၊ တောင်ဘက်တွင် နန်းမယ်ခုံကျေးရွာ နှင့် မြောက်ဘက်တွင် ဝီးသဲကူးတောင် ကျေးရွာ အသီးသီး တည်ရှိကြပါသည်။ ကပ္ဖာယ်ခူကျေးရွာသည် အိမ်ခြေ (၁၂၇)အိမ် ရှိပြီး ဝါးထရံအိမ်၊ ပျဉ်ထောင်အိမ် နှင့် တိုက်အိမ် အမျိုးအစားများ ဖြစ်ကြပါသည်။ အဓိကနေထိုင်သော လူမျိုးမှာ ရှမ်းလူမျိုးဖြစ်ပါသည်။ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်သူများ ဖြစ်ကြပါသည်။

ကပ္ဖာယ်ခူကျေးရွာ၏ မြေအမျိုးအစားမှာ နုန်းမြေ ဖြစ်ပြီး အစိုဓာတ်များသော မြေဖြစ်သောကြောင့် ဆယ့်နှစ်ရာသီဝန်းကျင် သီးနှံများ စိုက်ပျိုးနိုင်သည်။ မိုးတွင်းတွင် စပါး အဓိကထားစိုက်ပျိုးကြ ပြီး ဆောင်းရာသီတွင် ကြက်သွန်ဖြူ၊ ကြက်သွန်နီ အဓိကထားစိုက်ပျိုးကြပါသည်။ မိုးရာသီတွင် ရေဝပ် သောကြောင့် ဟင်းသီးဟင်းရွက်ပင်များ အနည်းငယ်သာ စိုက်ပျိုးဖြစ်ထွန်းကြပါသည်။ စပါးစိုက်ပျိုးရန် ရေလိုအပ်လျှင်ရေသွင်းရန်နှင့် ရေကြီးလျှင်ရေလွှဲရန် ကျေးရွာ၏ မြောက်ဘက်တွင် ရေချောင်းငယ်တစ်ချောင်း နှင့်ကျေးရွာအရှေ့ဘက်တွင် ရေချောင်းကြီးတစ်ချောင်း ရှိပါသည်။ ကျေးရွာ၏လယ်ကွက်များသည် ကျေးရွာ၏မြောက်ဘက်နှင့် အရှေ့ဘက်တွင်တည်ရှိကြပါသည်။

ကျေးရွာတွင်း၏လမ်းများမှာ ဆင်တောင်ရွာသွားသောလမ်း၊ နန်းစံခမ်းရွာသွားသောလမ်း နှင့် ဘုန်းကြီးကျောင်းအဝင်လမ်းမှလွဲ၍ ကျန်လမ်းများသည် မြေသားလမ်းများဖြစ်ပါသည်။ အစိုဓာတ်များသောမြေဖြစ်သောကြောင့် မိုးတွင်းတွင်သွားလာရန် အလွန်ခက်ခဲပါသည်။ ကျေးရွာ၏မူလတန်းကျောင်း စာသင်ကျောင်း နှင့်မူကြိုကျောင်းသည် ကျေးရွာ၏မြောက်ဘက်ခြမ်းတွင်တည်ရှိပါသည်။ မူလတန်းကျောင်းသည် အမိုးနိမ့်ပြီး ဆွေးမြေ့နီးပါးသော အုတ်ညပ်ကျောင်းဆောင်ဖြစ်ပါသည်။ လူငယ်များအ တွက် ကျန်းမာကြံ့ခိုင်ရေး နှင့် အားကစား အတွက် ဘောလုံးကွင်းသည် စာသင်ကျောင်းဝင်းတွင်တည် ရှိပြီး ညီညာမှုမရှိသော ဘောလုံးကွင်းဖြစ်ပါသည်။

ပါဝင်ဆွေးနွေးသူများ   က (၆၆) ဦး၊ မ (၂၂) ဦး


ပံ့ပိုးကူညီသူ - ဦးခင်မောင်တာရီ

## ကျေးရွာသမိုင်းကြောင်းအကျဉ်း

ကပ္ဖာယ်ခူကျေးရွာကို ၁၉၂၃ ခုနှစ်တွင် စတည်ခဲ့ပါသည်။ ကပ္ဖာယ်ခူကျေးရွာတွင် ကယားလူမျိုးဦးလျှားရယ် ၊ ဦးဘူးရယ် ၊ ဦးစိုးရယ်တို့စတင်နေထိုင် ရွာတည်ခဲ့သည်။( ကပ္ဖာယ်ခူ) သည်ကယားဘာသာစကားဖြင့်မှည့်ခေါ်ဝေါ်သည်။ မြန်မာဘာသာဖြင့် (ဖိုးလမင်းကုန်း) ဟုအမည်ရသည်။ ရှမ်းပြည်တောင်ပိုင်းမှ ရှမ်းလူမျိုး ဦးမောင် ၊ ဦးတယ် ၊ ဦးလုံရန် ၊ ဦးဆိုင်း ၊ ဦးလုံးစီ ၊ ဦးဆရာယန်း တို့သည် ရှန်းနိုင်ငံ ခရီးသွားရာမှ ကပ္ဖာယ်ခူတွင် တည်းခိုပြီး ခရီးမဆက်တော့ဘဲ ရွာတွင်အပြီးနေထိုင်ခဲ့သည်။ ခေတ်ကာလ ကြာလာသည် နှင့်အမျှလူဦးရေတိုးပွားလာပြီး ကယားမျိုးနွယ်စုများ ရွာတွင်းမှ ပြောင်းရွှေ့ထွက်ခွာကြသည်။ ကပ္ဖာယ်ခူကျေးရွာကို ရှမ်းဘာသာဖြင့် (နန့်စံခမ်း) ကျေးရွာ ဟုလည်းခေါ်ကြသည်။ (နန်းစံခမ်း) ကိုမြန်မာဘာသာဖြင့် (ရွှေရည်ချိန်) ဟုအဓိပ္ပာယ်ရပါသည်။ ပြည်ထဲရေးတွင် ကပ္ဖာယ်ခူအမည်

ဖြင့်ပေါက်သည်။ (နန့်စံခမ်း) ဟုခေါ်ခဲ့ခြင်းမှာ ဆင်တောင်ရေထွက်ပေါက်မှ ရွှေထွက်သည် ဟု ပြော ဆိုရာမှ နန့်စံခမ်း ဟုခေါ်ကြသည်။

ဥစ္စာခနေ ကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း




*ပါဝင်ဆွေးနွေးသူ - ကျား (၆၆) + မ (၂၂) = (၈၈) ဦး*

5

## ဥစ္စာခနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း သုံးသပ်ချက်


ကပွာယ်ခူကျေးရွာ၏ ဥစ္စာခနကြွယ်ဝမှုစံသတ်မှတ်ချက်သတ်မှတ်ရာတွင် အုပ်စု (၃)စု ရှိပါသည်။ ၎င်းတို့မှာ ချမ်းသာအုပ်စု၊ ပြေလည်သောအုပ်စု နှင့်မပြေလည်သောအုပ်စု ဟူ၍အသီးသီး သတ်မှတ်ကြပါသည်။

ချမ်းသာသောအုပ်စု၏ စံသတ်မှတ်ချက်မှာ တိုက်(၂) ထပ်အိမ်၊ လယ် (၁၂) ဧက၊ ကား၊ ထော်လာဂျီ ၊စပါးချွေစက်၊ ကိုင်းရှည်၊ ခုတ်စက် နှင့် ယာ (၀.၅) ဧက ပိုင်ဆိုင်သူများဖြစ်ကြပါသည်။ ချမ်းသာသောအုပ်စုတွင် အိမ်ခြေ(၁၁) အိမ်သာရှိပြီး ရာခိုင်နှုန်းအားဖြင့် (၈) ရာခိုင်နှုန်း သာရှိပါသည်။ ပြေလည်သောအုပ်စု၏ စံသတ်မှတ်ချက်မှာ ပျဉ်ထောင်အိမ်၊ လယ် (၅) ဧက၊ ထော်လာဂျီ၊ ကိုင်းရှည် နှင့် ယာ (၀.၅) ဧက ပိုင်ဆိုင်သူများဖြစ်ကြပါသည်။ ပြေလည်သောအုပ်စုတွင် အိမ်ခြေ(၄၅)အိမ်ရှိပြီး ရာခိုင်နှုန်းအားဖြင့် (၃၄) ရာခိုင်နှုန်း ရှိပါသည်။ မပြေလည်သောအုပ်စု၏စံသတ်မှတ်ချက်မှာ ဝါးထရံအိမ်၊ နေ့စားလိုက်ခြင်း နှင့်စက်ဘီးသာ ပိုင်ဆိုင်သူများဖြစ်သည်။ မပြေလည်သောအုပ်စုတွင် အိမ်ခြေ (၇၅) အိမ်အထိရှိပြီး ရာခိုင်နှုန်းအားဖြင့် (၅၈) ရာခိုင်နှုန်းအထိရှိပါသည်။

ကပွာယ်ခူကျေးရွာသည် မြေမျက်နှာသွင်ပြင်အနေအထားအရ လယ်တောထဲတွင်တည်ထောင်ထားသောကျေးရွာတစ်ဖြစ်ပါသည်။ ထို့ကြောင့်လယ်ကွက်များသာအများဆုံးပိုင်ဆိုင်ကြသည်။ ယာခင်းများသည်နေအိမ်အတွက်သာဖြစ်သည်။ ချမ်းသာသောအုပ်စုများသည် ဘိုးဘွားလက်ထဲတွင် လယ်ကွက်များစွာပိုင်ဆိုင်ထားခြင်းကြောင့်လည်းကောင်း၊ အရင်းအနှီးများရှိထားခြင်းကြောင့်လည်းကောင်း နှင့် သားသမီးလက်ထဲတွင် သားသမီး၏ ကြိုးစားအားထုတ်မှုကြောင့်ချမ်းသာကြွယ်ကြသည်။ မပြေလည်သောသူများသည် တစ်နှစ်ထက်တစ်နှစ်သားသမီးများတိုးပွားလာခြင်းကြောင့် အမွေခွဲပေးရာတွင်တစ်ဖြည်းဖြည်းလယ်ကွက်ဧကများ နည်းလာခြင်းကြောင့်လည်းကောင်း၊ စားဝတ်နေရေးအကြပ်အတည်းကြောင့်လယ်ကွက်များထုတ်ရောင်းခြင်းကြောင့်လည်းကောင်း စသောအကြောင်းများကြောင့် လယ်ယာမဲ့ဖြစ်လာပြီး တစ်နေ့လုပ်တစ်နေ့စားဘဝဖြစ်လာကြပါသည်။

မှတ်တမ်းတင်သူ -ဦးခင်မောင်တာရီ

ကျား/မ ပင့်ကူအိမ်



*ပါဝင်ဆွေးနွေးသူ - ကျား (၆၆) + မ (၂၂) = (၈၈) ဦး*

ကပ္ပာယ်ခူကျေးရွာတွင် ကျား/မတန်းတူအခွင့်အရေး နှိုင်းယှဉ်ချက်ဖော်ထုတ်ရာတွင်အကြောင်း အရာ (၈) ခုထွက်လာပါသည်။ ပညာရေး၊ အိမ်မှုကိစ္စ၊ အလုပ်အကိုင်အခွင့်အလမ်း၊ အမွေရပိုင်ခွင့်၊ လုပ်အားခ၊ ဝင်ငွေရှာဖွေနိုင်မှု၊ ခေါင်းဆောင်မှု နှင့် ပူးပေါင်းပါဝင်မှုများ ဖြစ်ကြပါသည်။

ပညာရေးကဏ္ဍတွင် အမျိုးသမီးများသည်အမျိုးသားများထက် ပညာတတ်မြောက်မှုပိုများသည် ကိုတွေ့ရသည်။ မိဘများသည် သမီးများသာဦးစားပေးပြီးကျောင်းထားပေးသည်မဟုတ်ဘဲ သားများ ကိုလည်းတန်းတူကျောင်းထားပေးသော်လည်း သားများအများစုသည် ကျောင်းတက်ခြင်းကိုစိတ်မပါ သောကြောင့် ကျောင်းထွက်ကြပါသည်။ သမီးများသည်ပညာရေးပိုင်းတွင် ပိုမိုစိတ်ဝင်စားပြီး ကြိုးစား အားထုတ်သောကြောင့် အမျိုးသမီးပညာတတ်ဦးရေသည်အမျိုးသားများထက်ပိုများပါသည်။

ကပ္ပာယ်ကျေးရွာတွင် အိမ်မှုကိစ္စပိုင်းတွင် အမျိုးသားများသည်အမျိုးသမီးများနီးပါးအိမ်မှုကိစ္စ များကိုဆောင်ရွက်နေရသည်ကိုတွေ့ရပါသည်။ အမျိုးသမီးအများစုသည် အမျိုးသားများအိမ်မှုကိစ္စများ ကိုအမျိုးသမီးများနီးပါးပြုလုပ်ကြောင်းတင်ပြချက်များကိုလက်ခံကြပါသည်။ (ဥပမာ- ထမင်းချက်၊ ဟင်း ချက် ၊ ဝက်စာကျွေး ၊ ကလေးကျောင်းပို့)

အမျိုးသမီးများသည်အမျိုးသားများထက်ပညာတတ်ဦးရေပိုများသော်လည်း အလုပ်အကိုင်အ ခွင့်အလမ်းပိုင်းတွင်အမျိုးသားထက်သိသိသာသာပိုနည်းသည်ကိုတွေ့ရပါသည်။ ကျေးရွာတွင် လယ် ယာလုပ်ငန်း သာအဓိကလုပ်ကိုင်ကြပြီး အလုပ်ကြမ်းလည်းဖြစ်သောကြောင့် အလုပ်ခေါ်ယူရာတွင် အလုပ်ပြီးမြောက်နှုန်းပိုများသောအမျိုးသားများကိုပိုမိုဦးစားပေးခေါ်ကြပါသည်။

အမွေရပိုင်ခွင့်တွင် ရှေးရိုးမိရိုးဖလာအရ ရှမ်းတိုင်းရင်းသားများလည်း အခြားတိုင်းရင်းသား များနည်းတူ အမျိုးသမီးများသည် အမျိုးသားများထက် အမွေရပိုင်ခွင့်ပိုနည်းကြပါသည်။

လုပ်အားခပိုင်းတွင် အမျိုးသား နှင့် အမျိုးသမီးများ၏ တစ်ရက်လုပ်အားခသည်တူညီကြပါ သည်။ဤပုံဆွေးနွေးချက်သည် ပုတ်ပြတ်အလုပ်တွင်အမျိုးသားများသည်အမျိုးသမီးများထက် လုပ် အားခ ပိုရပါသည်ကိုတင်ပြဆွေးနွေးကြပါသည်။

အမျိုးသမီးများသည်အမျိုးသားများကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများ မရှိသော်လည်း ဝင် ငွေရှာနိုင်မှုပိုင်းတွင် အမျိုးသားများနီးပါးရှာနိုင်ကြပါသည်။

ခေါင်းဆောင်မှုပိုင်းတွင်အမျိုးသမီးများသည် အမျိုးသားများထက် ထက်ဝက်အောက်ပိုနည်းကြ ပါသည်။ အဘယ်ကြောင့်ဆိုသော် ရှေးရိုးအယူအဆကြောင့်လည်းကောင်း၊ အိမ်မှုကိစ္စများတွင်သာအ ချိန်များကုန်ဆုံးသောကြောင့် အခြားအကြားအမြင်ဗဟုသုတများမရှိသောကြောင့် ခေါင်းဆောင်မှုပိုင်း တွင်ပိုနည်းရခြင်းဖြစ်ပါသည်။


၁၃

ရပ်ရေးရွာရေး၊ သာရေးနာရေး နှင့် ဘာသာ သာသနာပွဲလမ်းသဘင်များတွင် အမျိုးသမီးများ သည် အမျိုးသားများနှင့်တန်းတူ ပူးပေါင်းပါဝင်ကြပါသည်။

အထက်ပါဆွေးနွေးချက်များကိုခြုံငုံပြီး ကြည့်မည်ဆိုလျှင် အမျိုးသမီးများ၏အခွင့်အရေးသည် အမျိုးသားများထက်ပိုနည်းပါသည်ကိုတွေ့ရပါသည်။ ထို့ကြောင့် ကပ္ပာယ်ခူကျေးရွာသည်ကျား/မ တန်း တူအခွင့်အရေး ရရှိမှု နည်းသေးပါသည်ဟု သုံးသပ်ရပါသည်။

မှတ်တမ်းတင်သူ -ဦးခင်မောင်တာရီ

## အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ





*ပါဝင်ဆွေးနွေးသူ - ကျား (၆၆) + မ (၂၂) = (၈၈) ဦး*

အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက်

ကပ္ပာယ်ခူကျေးရွာအတွင်းတွင် လက်ရှိအခြေအနေတွင်အဖွဲ့အစည်း (၈)ဖွဲ့ရှိပါသည်။ ၎င်းအဖွဲ့များထဲမှ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့သည် ကျေးရွာတွင်အရေးကြီးဆုံးအဖွဲ့ဖြစ်သည်။ မည်သည့်အဖွဲ့အစည်း ၊ ဌာန ၊ ပုဂ္ဂိုလ်မဆို ကျေးရွာအတွင်းဝင်လာမည်ဆိုလျှင်ကျေးရွာအုပ်ချုပ်ရေးမှူးကိုအသိပေးကိုပေးရမည်။ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့သည် အထက်မှညွှန်ကြားချက်များကို ကျေးရွာလူထုကိုပြန်လည်ချပြတင်ပြခြင်း နှင့် ကျေးရွာတွင်းဖြစ်ပျက်မှုများကို ကြီးကြပ်ကွပ်ကဲမှုပြုလုပ်ရသောတာဝန်ရှိပါသည်။ ဘုန်းကြီးကျောင်းဂေါပကအဖွဲ့သည် ကျေးရွာသူ/သားကိုးကွယ်ရာဖြစ်သော ဗုဒ္ဓသာသနာတော်အစွန့်ရှည် တည်မြဲရန်အတွက် လိုအပ်သော သာသနာအဆောက်အဦးများကို ဦးဆောင်ပြီးဆောင်ရွက်ခြင်း နှင့် သံဃာတော်များအတွက်လိုအပ်သောဝေယျာဝစ္စများကို ဦးဆောင်ကြရပါသည်။ လျှပ်စစ်မီးကော်မတီသည်ကျေးရွာမီးလင်းရေးအတွက် အဓိက ဆောင်ရွက်ပေးသောအဖွဲ့ဖြစ်သည်။ မူလတန်းကျောင်း ကော်မတီနှင့်မူကြိုကျောင်းကော်မတီသည် ကျောင်း၏လိုအပ်ချက်များကိုဦးဆောင်ပြီး တင်ပြတောင်းဆိုပေးကြပါသည်။ ဓမ္မစကူးလ်အဖွဲ့သည် ကလေးများကို ဘုရားတရား ၊ ဘုရားစာများကိုသင်ကြားခြင်း နှင့် ယဉ်ကျေးလိမ္မာအောင် ပြုစုပျိုးထောင်ကြပါသည်။ လူငယ်အဖွဲ့သည် ကျေးရွာ၏ သာ ရေး ၊ နာရေး ပွဲလမ်းသဘင်များ နှင့် ကျေးရွာလုပ်အားပေးများအတွက် အင်တိုက်အားတိုက်လုပ်ဆောင်ပေးသောအဖွဲ့ဖြစ်သည်။

မှတ်တမ်းတင်သူ -ဦးခင်မောင်တာရီ

## ရာသီခွင်ပြ ပြက္ခဒိန်



*ပါဝင်ဆွေးနွေးသူ - ကျား (၆၆) + မ (၂၂) = (၈၈) ဦး*

## ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက်

ကပ္ဖာယ်ခူကျေးရွာ၏ရာသီဥတုအခြေအနေသည် မတ်လမှ မေလ အထိတွင်နေပူသောကာလ ၊ မေလ မှ အောက်တိုဘာလအထိတွင် မိုးရွာသောကာလ နှင့် နိုဝင်ဘာလ မှ ဖေဖော်ဝါရီလ အထိတွင် ဆောင်းကာလများဖြစ်ကြပါသည်။ ရာသီဥတုအခြေအနေကိုကြည့်မည်ဆိုလျှင် မိုးရွာသောကာလသည် လအရေအတွက်အများဆုံးဖြစ်သည်။ ကပ္ဖာယ်ခူကျေးရွာသည် စပါးသီးနှံကိုအဓိကစိုက်ပျိုးကြပါသည်။ မိုးကာလ များသောကြောင့် ရေချောင်း ၊ ဆည်မြောင်းများ ရေစီးရေလာမကောင်း သောကြောင့် လယ်စပါးခင်းများ ရေကြီးခြင်း နှင့် လယ်ရေလွှမ်းခြင်းမကြာခဏကြုံတွေ့ကြပါသည်။

ကပ္ဖာယ်ခူကျေးရွာသည် ရှမ်းလူမျိုးများနေထိုင်သောကျေးရွာဖြစ်ပြီးဗုဒ္ဓဘာသာကိုကိုးကွယ်ကြပါသည်။ ထို့ကြောင့်ဘာသာရေးပွဲတော်များကို မတ်လတွင် ရှင်ပြုပွဲ ၊ ဧပြီလတွင်သင်္ကြန်ပွဲ နှင့် အောက်တို◌်ဘာလတွင် သီတင်းကျွတ်မီးထွန်းပွဲတော်များကိုကျင်းပကြပါသည်။ ရှမ်းနှစ်သစ်ကူးပွဲကို နိုဝင်ဘာလတွင် ကျင်းပကြပါသည်။

ကပ္ဖာယ်ခူကျေးရွာ၏မြေသည် နုန်းမြေ ဖြစ်ပြီးအစိုဓာတ်များသောကြောင့်သီးနှံပင်များကို ဆယ့်နှစ်ရာသီ စိုက်ပျိုးနိုင်ပါသည်။ မိုးတွင်းတွင် ပြောင်းဖူး နှင့် စပါး ၊ ဆောင်းရာသီတွင် ကြက်သွန်ဖြူ ၊ ကြက်သွန်နီ နှင့် နွေရာသီတွင် ဟင်းသီးဟင်းရွက်ပင် များကိုစိုက်ပျိုးကြပါသည်။ စပါးသီးနှံများသည် နှစ်မကြာခဏပိုးမွှားများဆိုးဆိုးရွားရွားကျရောက်လေ့ရှိကြပါသည်။

ရိတ်သိမ်းချိန်များကိုမတ်လတွင် ကြက်သွန် ၊ မေလတွင် ခရမ်းချဉ် ၊အောက်တိုဘာလတွင် စပါး နှင့် နိုဝင်ဘာလတွင် ပြောင်းဖူး စသောကာလများတွင်သီးနှံအသီးသီးရိတ်သိမ်းကြပါသည်။ ရိတ်သိမ်းကာလတွင် ရာသီဥတုဖောက်ပြန်သောကြောင့် သီးနှံများကို မကြာခဏ ဆုံးရှုံးမှုများနှင့်ကြုံရပါသည်။ အထူးသဖြင့် အချိန်အခါမဟုတ်မိုးရွာသွန်းခြင်းဖြစ်သည်။ ဥပမာ - လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း မှ စပါးရိတ်သိမ်းရာသီတွင် မိုးသီးကြွေခြင်းကြောင့် စပါးသီးနှံများစွာ ပျက်စီးဆုံးရှုံးမှုများကြုံခဲ့ဖူးကြပါသည်။

တစ်နှစ်ပတ်လုံးနီးပါးအလုပ်လုပ်သော်လည်း ဝင်ငွေဝင်သောကာလသည် တစ်နှစ်တွင်နှစ်လသာရှိပါသည်။ အထူးသဖြင့် စပါးသီးနှံ နှင့် ကြက်သွန်သီးနှံပေါ်သောအချိန်တွင် ဝင်ငွေဝင်လေ့ရှိပါ သည်။ ထွက်ငွေများသည် မိုးစပါးစိုက်ပျိုးချိန် နှင့် ကြက်သွန် စိုက်ပျိုးချိန်များတွင် အထွက်များပါသည်။ အချို့သူများသည်ဝင်ငွေအခက်အခဲကြောင့် ပြင်ပထိုင်းနိုင်ငံသို့သွားရောက်အလုပ်လုပ်ကြပါသည်။

ကျန်းမာရေးအခြေအနေမှာ နွေရာသီ နှင့် မိုးရာသီကူးပြောင်းချိန်ခွင်တွင် ဝမ်းပျက်ဝမ်းလျှောခြင်း နှင့် မိုးရာသီ နှင့် ဆောင်းရာသီကူးပြောင်းချိန်တွင် တုပ်ကွေး ၊ နှာစေး ၊ ချောင်းဆိုးခြင်း ကိုတွေ့ကြုံခံစားကြပါသည်။ ကုသခြင်းမှာ နီးစပ်ရာကျေးရွာအနီးအနားရှိ ကျန်းမာရေးဆရာမများထံ သို့မဟုတ် နန်းမယ်ခုံတိုက်နယ်ဆေးရုံသို့ သွားရောက်ကုသလေ့ရှိပါသည်။

မှတ်တမ်းတင်သူ -ဦးခင်မောင်တာရီ

## ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း/ဓာတ်ပုံ

| စဉ် | အမည် | ကျား/မ | ရာထူး |
|---|---|---|---|
| ၁ | ဦးဆိုင်မိုင်း | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ |
| ၂ | ဒေါ်အေးအေးဖြူ | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ |
| ၃ | ဦးစိုးနိုင်ဝင်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဦးရှန်မိုင်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၅ | ဒေါ်နန်းမွန်း | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဒေါ်စန်းစန်းမော် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဦးမျိုးကျော် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်စံဟွမ် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဒေါ်စိန်နွယ် | မ | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၁၀ | ဦးကျော်ဦး | ကျား | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၁ | ဒေါ်မေသူအောင် | မ | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၂ | ဦးစိုင်းအောင် | ကျား | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၃ | ဒေါ်စိန်ညွန့် | မ | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၄ | ဒေါ်ငွေးနု | ကျား | ကျေးရွာစားရင်းကိုင် |
| ၁၅ | ဦးထွန်းလှိုင် | ကျား | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၆ | ဒေါ်စိမ်းမြ | မ | ကျေးရွာစေတနာ့ဝန်ထမ်း |



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ






## ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ (PC-၁)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

**ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)**

*လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။*

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦးရှင်းမ | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် ဦးခွန်မောင်တင့် |
|---|---|---|---|
| ပြည်နယ်၊ ~~တိုင်းဒေသကြီး~~ ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု ၁၀စ်အောင် | ကျေးရွာ ကမ်ဖယ်ဒူ |

ဟ။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ရှမ်း--- | 117 | ဘာသာ (၁) ---ဗုဒ္ဓ--- | 127 |
| လူမျိုးစု (၂) ---ပအိုဝ်း--- | 1 | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | ၉ | ဘာသာ (၃) ------------ | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစုရေ ------------ | | ဘာသာရေ ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၃ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂၇ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---ရှမ်း--- | ၂၆၂ | ၂၈၃ |
| လူမျိုးစု (၂) ---ပအိုဝ်း--- | ၄ | ၃ |
| လူမျိုးစု (၃) ---ရှမ်း + ကယန်း--- | ၉ | ၁၃ |
| လူမျိုးစု (၄) ---ရှမ်း + ကယား--- | ၄ | ၆ |
| လူမျိုးစု (၅) ---ရှမ်း + အင်း--- | ၄ | ၃ |
| အိမ်ထောင်ဦးစီး | ၁၁၀ | ၁၇ |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း (circled) | မြေသားလမ်း | လူသွားလမ်း | အခြား ____________ |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ပိုင်းပါ — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် ၂၀၀၅ /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်--၃----/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်----------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ □ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) --------------------------------

(၂) --------------------------------

ကျေးရွာခေါင်းဆောင် — အမည်

လက်မှတ် — နေ့စွဲ 14.11.2017

လူထုစည်းရုံးရေးမှူး — အမည်

လက်မှတ် — နေ့စွဲ 14.11.2017

## ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား (PC-၂)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

*ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား* (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။* | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးခင်မောင်တာရီ | | | |
| နေ့စွဲ ၂၄.၁၀.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း (၄) | |
| ပြည်နယ်/~~တိုင်း~~ ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု ဝင်တောင် | ကျေးရွာ ကန်ဖယ်ရှု |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၄.၁၀.၂၀၁၇ | ၂၄.၁၀.၂၀၁၇ | ၆၆ | ၂၂ | ၈၈ | ရှမ်း ၈၃<br>ကယား ၂<br>ကယန်း ၁ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၆.၁၀.၂၀၁၇ | ၂၆.၁၀.၂၀၁၇ | ၄၁ | ၃၅ | ၇၆ | ရှမ်း ၇၄<br>ကယား ၁<br>ကယန်း ၁ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၇.၁၀.၂၀၁၇ | ၂၇.၁၀.၂၀၁၇ | ၁၀ | ၁၂ | ၂၂ | ကယား ၄<br>ကယန်း ၉<br>ရှမ်း ၉ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၆.၁၁.၂၀၁၇ | ၆.၁၁.၂၀၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၃၀.၁၁.၂၀၁၇ | ၃၀.၁၁.၂၀၁၇ | ၃၉ | ၂၉ | ၆၈ | ရှမ်း ၆၆<br>ကယား ၂ |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

| | | | | | | |
|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၈.၁.၂၀၁၈ | ၈.၁.၂၀၁၈ | ၃ | ၆ | ၉ | ရှမ်း ၉ |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၈.၁.၂၀၁၈ | ၈.၁.၂၀၁၈ | ၃ | ၆ | ၉ | ရှမ်း ၉ |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၈.၁.၂၀၁၈ | ၈.၁.၂၀၁၈ | ၃ | ၆ | ၉ | ရှမ်း ၉ |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၈.၁.၂၀၁၈ | ၈.၁.၂၀၁၈ | ၃ | ၆ | ၉ | ရှမ်း ၉ |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၈.၁.၂၀၁၈ | ၈.၁.၂၀၁၈ | ၃ | ၆ | ၉ | ရှမ်း ၉ |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး<br>၇.၁။ အစည်းအဝေး ပထမအကြိမ်<br>၇.၂။ အစည်းအဝေး ဒုတိယအကြိမ်<br>၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-၃)

### ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

**လမ်းညွှန်ချက်။** အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးခင်မောင်ကြီး

နေ့စွဲ ၂၆.၁၀.၂၀၁၇

စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄)

ပြည်နယ်/~~တိုင်း~~ ကယား | ဒီးမော့ဆို မြို့နယ် | ကျေးရွာအုပ်စု ခုဒ်ဒေါင် | ကျေးရွာ ကယန်းပန်ခွဲ

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ကလေးများ ကျောင်းရောက်ရာ ခက်ခဲခြင်း | ၁ | ကလေးများ ကျောင်းတက်ရာတွင် ရေရာ ခက်ခဲခြင်း |
| ၂ | မိုးရာသီ ရွာတွင်းသွားလာ ခက်ခဲခြင်း | ၂ | ရာသီဥတု ဖောက်ပြန်၍ စိုက်ပျိုးရေးခက်ခဲပြီး စားဝတ်နေရေးခက်ခဲ |
| ၃ | ရာသီဥတုဖောက်ပြန်ခြင်းကြောင့် စိုက်ပျိုးရေးခက်ခဲပြီး ဝင်ငွေနည်းခြင်း | ၃ | မိုးတွင်း ရွာတွင်းသွားလာရ ခက်ခဲခြင်း |
| ၄ | ပညာဗဟုသုတ အားနည်းခြင်း | ၄ | မူကြိုကလေးများ ကစားစရာပစ္စည်း မရှိသော အခက်အခဲ |
| ၅ | မူကြိုနှင့်ကျောင်းတွင် ဆရာမနည်းပါး၍ ခက်ခဲခြင်း | ၅ | ဖွံ့ဖြိုးမှု လုပ်ကိုင်စားသောက်ရန် စား၊ဝတ်နေရေး ခက်ခဲခြင်း<br>၆ ငွေကြေးအဆင်မပြေ၍ ပညာရေး ခက်ခဲခြင်း |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ကလေးများ ကျောင်းတက်ရန် ခရီး အဆင်ပြေလာရမည် | ၁ | ကလေးများ ကျောင်းတက်ရာ အဆင်ပြေလာရန် |
| ၂ | ရွာတွင်း မိုးရာသီသွားလာရန် အဆင်ပြေလာရမည် | ၂ | စိုက်ပျိုးရေး နှင့် စားဝတ်နေရေး အဆင်ပြေလာရန် |
| ၃ | စိုက်ပျိုးရေးကောင်းမွန်ပြီး ဝင်ငွေတိုးလာရမည် | ၃ | မိုးတွင်း ရွာတွင်းသွားလာရ အဆင်ပြေလာစေရန် |
| ၄ | ပညာဗဟုသုတ မြင့်ဝလာရမည် | ၄ | ကလေးများ ကစားစရာပစ္စည်း ပြည့်စုံလာရမည် |
| ၅ | မူကြိုနှင့် ကျောင်းကျောင်းတွင် ဆရာမ လုံလောက်လာရမည် | ၅ | အလုပ်အကိုင် စား၊ဝတ်နေရေး ပြေလည်လာရမည်<br>၆ ငွေကြေးအဆင်ပြေပြီး ပညာရေး ကောင်းမွန်ရန် |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ကျောင်း(၄)ခန်း ဆောက်လုပ်ခြင်း | အမျိုးသား+အမျိုးသမီး | | |
| ၂ | ကျောင်းကျောင်း လမ်း | အမျိုးသား+အမျိုးသမီး | | |
| ၃ | ဆောက်ရန် မူကြိုကလေးကစားကွင်း | အမျိုးသမီး | | |
| ၄ | ရွာတွင်းလမ်း လော်ကား ပြုပြင် | အမျိုးသား+အမျိုးသမီး | | |
| ၅ | စာကြည့်တိုက် | အမျိုးသား | | |

**ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး | အဆိုပြုသူ (အမျိုးသားများ/ | အခန်းကဏ္ဍ |
|---|---|---|---|

( ၄)

| | တိုးတက်မှု လုပ်ငန်းစဉ်များ | အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | |
|---|---|---|---|
| ၁ | [illegible] ၊ [illegible] | အမျိုးသမီး | |
| ၂ | [illegible] | အမျိုးသား + အမျိုးသမီး | |
| ၃ | [illegible] | အမျိုးသား | |
| ၄ | [illegible] | အမျိုးသား | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---[illegible]--- လက်မှတ် ---[illegible]--- နေ့စွဲ ---၂၆.၁၀.၂၀၁၇---

နောက်ဆက်တွဲ(၄)၊ ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | စာသင်ကျောင်းတိုးချဲ့ | ☑ မ ☑ ကျား | | |
| | ၂ | စာသင်ကျောင်းသစ် | ☑ မ ☑ ကျား | | |
| | ၃ | မြောင်းလမ်း၊ [illegible] | ☑ မ ☐ ကျား | | |
| | ၄ | [illegible] | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | [illegible] ၊ [illegible] | ☑ မ ☐ ကျား | | |
| | ၂ | [illegible] | ☑ မ ☑ ကျား | | |
| | ၃ | [illegible] | ☐ မ ☑ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အခြား | ၁ | ဘောလုံးပွဲကြီးကစား ကစားကွင်း | ☑မ ☐ကျား | | |
| | ၂ | ပွဲကြီးနှင့်တစ်သင်္ကြန်ပွဲ ဘုရားပွဲ | ☐မ ☑ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |

## ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့်ကျေးရွာအစီအစဉ်ရေးဆွဲခြင်းအစည်းအဝေး

**ပထမအကြိမ်ကျေးရွာအစည်းအဝေး**

နေရာ - လူငယ်ရိပ်သာ
အချိန် -ည (၇း၀၀)နာရီ မှ (၁၀:၀၀) နာရီအထိ
ရက်စွဲ -၂၄.၁၀.၂၀၁၇
အစည်းအဝေးတက်ရောက်သူ ကျား(၆၆) ၊ မ(၂၂)

ကျေးရွာအစည်းအဝေးကို ည(၇း၀၀)နာရီတွင် တက်ရောက်စာရင်းကောက်ယူပါသည်။ ၇ နာရီ ၁၅ မိနစ်တွင် အစည်းအဝေးစတင်ပါသည်။ အစည်းအဝေးမစတင်မီ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုင်းပိ မှ အဖွင့်အမှာစကားပြောပြီး စီမံကိန်းတစ်လျှောက်လုံးတွင် အစည်းအဝေးများကိုတက် ရောက်ကြပါရန် နှင့် အစလယ်ဆုံး ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းမှာကြားပါသည်။

လူထုဗဟိုပြုစီမံကိန်း၏မိတ်ဆက်(၁၅)ချက် ၊ စီမံကိန်းစက်ဝန်း နှင့်စီမံကိန်းရည်ရွယ်ချက်ကိုလူထုစည်းရုံးရေးမှူး ဦးခင်မောင်တာရီမှရှင်းပြပါသည်။ ထို့နောက် အဓိကတာဝန်ရှိသူများနှင့် ကော်မတီတာဝန်ဝတ္တရားများကိုပြန်လည်ရှင်းပြပြီး လက်ရှိရှိနေသောကော်မတီများ၏အပြောင်းအလဲများကိုပြန်လည်ဖွဲ့စည်းအတည်ပြုကြပါသည်။

လူတိုင်းပါဝင်သော လူမှုဆန်းစစ်မှုပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို လူထုစည်းရုံးရေးမှူး ဦးခင်မောင်တာရီမှ ရှင်းပြခဲ့ပါသည်။ ပထမဦးဆုံး ကျေးရွာမြေပုံမှတိုးလာသောအိမ်များ နှင့် ကျေးရွာလိုအပ်ချက်၊ မျှော်မှန်းချက်များကို ထပ်မံရေးဆွဲ ဖြည့်စွက်ကြပါသည်။ ဥစ္စာနေကြွယ်ဝမှုအပြောင်းအလဲများကိုလည်း ပြန်လည်ဆွေးနွေးပြီး ရာခိုင်နှုန်းအတိုးအလျှော့များကို ပြန်လည်မွမ်းမံဖြည့်စွက်ကြပါသည်။ ရာသီခွင်ချိန် ပြက္ခဒိန်တွင်အပြောင်းအလဲမရှိပါ။ ပြီးနောက်အမျိုးသား၊ အမျိုးသမီးပိုင်ဆိုင်မှု/ထိန်းချုပ်မှုလေ့ကျင့်ခန်း ကိုပြန်လည်ပြုလုပ်ပြီး ရလဒ်အတိုးအလျှော့များကို အကဲဖြတ်ကြပါသည်။

တစ်ဆက်တည်းတွင် ပင့်ကူ အိမ်သုံးသပ်ခြင်းဖြစ်သော အမျိုးသား၊ အမျိုးသမီးအခွင့်အရေးကွာဟချက်တိုင်းတာကိရိယာအသုံးပြုပြီးအ ဆင့်အတိုးအလျှော့ကို ပြန်လည်မွမ်းမံဖြည့်ကြပါသည်။ အဖွဲ့အစည်းချိတ်ဆက်မှု ကိရိယာကိုလည်း ဆွေးနွေးပြီး လိုအပ်တာများကို ထပ်မံရေးဆွဲပြုလုပ်ကြပါသည်။ အစည်းအဝေးကို ည ၁၀း၀၀ နာရီတွင် နားပြီးရွာမိ၊ ရွာဘတစ်ဦးမှ အပိတ်စကားပြောပြီးအစည်းအဝေးကို ပိတ်သိမ်းပါသည်။

အစည်းအဝေးမှတ်တမ်းတင်သူ - ဦးခင်မောင်တာရီ

**ဒုတိယအကြိမ်ကျေးရွာအစည်းအဝေး**

နေရာ - လူငယ်ရိပ်သာ
အချိန် -ည (၇း၀၀)နာရီ မှ (၁၀:၀၀) နာရီအထိ
ရက်စွဲ -၂၆.၁၀.၂၀၁၇
အစည်းအဝေးတက်ရောက်သူ ကျား(၄၁) ၊ မ(၃၅)

အစည်းအဝေး တက်ရောက်သူစာရင်းကို ည (၇း၀၀)နာရီတွင် ကောက်ယူပြီး အစည်းအဝေးကို ၇ နာရီ ၁၅ မိနစ်တွင် စတင်ပါသည်။ အစည်းအဝေးမစတင်မီ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုင်းပိမှ ဒုတိယ ရက်အစည်းအဝေးအတွက် အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး ကျေးရွာဦးစားပေးအခက်အခဲ ၊ မျှော်မှန်းချက်များကိုမဆွေးမည်မှာလက်ထောက် နည်းပညာမှူးဒေါ်ပိုပိုဟန်နီထွန်းမှ ကျေးရွာဦးစားပေးအခက်အခဲ နှင့် ကျေးရွာမျှော်မှန်းချက်အကြောင်း ကိုရှင်းပြခဲ့ပါသည်။ ကျေးရွာလူထုနှင့်ကော်မတီများသည်လည်း ကျေးရွာ၏ဦးစားပေးအခက်အခဲ နှင့် မျှော်မှန်းချက်များကိုဒုတိယနှစ်စက်ဝန်း မပါသေးသော အချက်များကို ထပ်မံဖော်ထုတ်ဖြည့်စွက်ကြပါ သည်။ ကျေးရွာဦးစားပေးလုပ်ငန်းများ အပိုင်းမစတင်မစတင်မီတွင် လက်ထောက်နည်းပညာမှူး ဒေါ်ပိုပိုဟန်နီထွန်းမှ အကျိုးဝင်သောစီမံကိန်းလုပ်ငန်းခွဲနှင့် အကျိုးမဝင်သော စီမံကိန်းလုပ်ငန်း အကြောင်းကို ရှင်းပြခဲ့ပါသည်။ တစ်ဆက်မှာတွင် ကျေးရွာလူထုနှင့် ကော်မတီဝင်များသည် ကျေးရွာဦးစားပေးလုပ်ငန်းများကို ပြန်လည်ရွေးချယ် အတည်ခဲ့ကြပါသည်။ ဦးစားပေးလုပ်ငန်း ရွေးချယ်မှုအပြီးတွင် ဆရာမဒေါ်ပိုပိုဟန်နီထွန်း အကာအကွယ်အကြောင်း နှင့် Ecops အကြောင်းကို ထပ်မံရှင်းပြပေးပါသည်။ ထို့နောက် စီထောက်ဥက္ကဌဦးဇင်မောင်မြင့်မှ အပိတ်ကျေးဇူးတင်စကား ပြောကြားပြီးအစည်းအဝေးကိုည ၁၀း၀၀ နာရီတွင်ရပ်နားပြီးပိတ်သိမ်းလိုက်ပါသည်။

အစည်းအဝေးမှတ်တမ်းတင်သူ - ဦးခင်မောင်တာရီ

## လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်/အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ က | မ | ပ | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ (Socila map/ Resources Map) | ၂၄-၁၀ ၂၀၁၇ | ရပ်မိရက်ဖ၊ ကော်မတီဝင်၊ ကျေးရွာလူထု များ အားလုံး | ၆၆ | ၂၂ | ၈၈ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦများ၊ လုပ်ပန်းဆက်သွယ်ရေးအခြေ အနေ၊ လယ်ယာမြေများ၊ ရေထွက်ပေါက်၊ ရေလှောင် ကန်၊ သစ်တောများ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၂ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း<br>(Wealth Ranking) | ၂၄-၁၀<br>၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ | ၆၆ | ၂၂ | ၈၈ | ကျေးရွာလူမှုစီးပွားရေးကို အုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများ သတ်မှတ်ရန် အများလူထု သဘောတူသတ်မှတ်ခြင်း |
| ၃ | ကျား/မရေးရာ ကဏ္ဍ<br>(Access Mapping) | ၂၄-၁၀<br>၂၀၁၇ | ကျေးရွာအတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၆၆ | ၂၂ | ၈၈ | ကျေးရွာအတွင်းရှိအရင်းအမြစ်၊ ပိုင်ဆိုင်မှု၊ အခြေခံအဆောက်အ ဦးစသောလုပ်ငန်းများကို ဘယ်သူတွေက အသုံးပြု၊ ထိမ်းချုပ်နေသလဲဆိုတာကို ဆွေးနွေးမှုများ ပြုလုပ်ခြင်း |
| ၄ | ပင့်ကူအိမ် ကွန်ယက်<br>(Spider Web) | ၂၄-၁၀<br>၂၀၁၇ | အမျိုးသားများနှင့် အမျိုးသမီးများ၊ ကျေးရွာလူထု | ၆၆ | ၂၂ | ၈၈ | အမျိုးသားများနှင့်အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၅ | အဖွဲ့အစည်း ချိတ်ဆက်ပုံ<br>(Venn Diagram) | ၂၄-၁၀<br>၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ ကျေးရွာစီထောက်အဖွဲ့၊ ကျေးရွာလူထု | ၆၆ | ၂၂ | ၈၈ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များ ချိတ်ဆက်လုပ်ကိုင်မှုရှိခြင်း |
| ၆ | ရာသီခွင်ပြ ပြက္ခဒိန်<br>(Seasonal Calender) | ၂၄-၁၀<br>၂၀၁၇ | ကော်မတီဝင်များ၊ အမျိုးသမီး/သား ဆင်းရဲနွမ်းပါးသူ | ၆၆ | ၂၂ | ၈၈ | စိုက်ပျိုးရိတ်သိမ်းကာလ (တောင်ယာ၊လယ်ယာ)၊ စီးပွားရေး/ငွေရှာ (အရောင်းအဝယ်)၊ ပွဲတော်ချိန်၊ မိုးများကာလ၊ ကျန်းမာရေးဆိုးကာလ၊ ဝင်ငွေအကောင်းဆုံး ကာလ၊ အလုပ်ပါးကာလ၊ ရေရှားကာလ |
| ၇ | အခက်အခဲ/ပြဿနာ<br>(Problem) | ၂၆-၁၀<br>၂၀၁၇ | အမျိုးသမီး/သား၊ လူထုအားလုံး | ၄၁ | ၃၅ | ၇၆ | ငွေကြေးအရင်းအနှီးမရှိ၊ လမ်းပန်းဆက်သွယ်ရေး၊ မီးလင်းရေး ရေရလုံလောက်မှုမရှိ ဖုန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ စည်းလုံးခြင်းမရှိ။ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၈ | ကျေးရွာ၏( ၄ )နှစ်စာ မျော်မှန်းချက်များ<br><br>(Village visions) | ၂၆-၁၀ ၂၀၁၇ | ကျေးရွာလူထု အားလုံး | ၄၁ | ၃၅ | ၇၆ | စီးပွားရေးပိုမိုကောင်းမွန်လာရန်၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဘာသာရေး ပိုမိုကောင်းမွန်လာ၊ ကျေးရွာစည်းလုံးခြင်း ပိုမိုကောင်းမွန်လာ၊ စားဝတ်နေရေးပိုမိုအဆင်ပြေလာ |
| ၉ | ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ (Village Approve Vision) | ၂၆-၁၀ ၂၀၁၇ | ရွာလူထု အားလုံး | ၄၁ | ၃၅ | ၇၆ | လမ်း(ကတ္တရာ)၊ မီး(လျှပ်စစ်မီး)၊ ခန်းမဆောင်၊ ရေလှောင်ကန်၊ ရေငုတ်/ပိုက်၊ စာသင်ကျောင်း တိုးချဲ့ |
| ၁၀ | ကျေးရွာဦးစားပေး လုပ်ငန်းစဉ်များ<br><br>(Village Object Vision) | ၂၆-၁၀ ၂၀၁၇ | ရွာလူထု အားလုံး | ၄၁ | ၃၅ | ၇၆ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အဆင့် သတ်မှတ်ခြင်း၊ တိုင်းတာခြင်း၊ ခန့်မှန်းကုန်ကျငွေ တွက်ချက်ခြင်း၊ အကျိုးခံစားခွင့် ရှိသူလူဦးရေ |
| ၁၁ | ကျေးရွာသမိုင်း အကျဉ်းချုပ်<br><br>(Village History) | ၂၄-၁၀ ၂၀၁၇ | အမျိုးသမီး/သား၊ လူထုအားလုံး | ၆၆ | ၂၂ | ၈၈ | ကျေးရွာစတင် တည်ထောင်သည့် ခုနှစ်၊ အိမ်ခြေ၊ လူဦးရေ၊ လူမျိုး၊ ဘာသာစသော ကျေးရွာသမိုင်း အချက်အလက် အဆင့်ဆင့်များ ကို ဖော်ထုတ်ခြင်း |